၂၀၂၁ ခုနှစ် မတ်လ ၁၆ ရက်

ထုတ်ပြန်ကြေညာချက်

# ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်မှု ပျက်ကွက်နေမှုအပေါ် လွန်စွာစိတ်ပျက်ကြောင်းနှင့် တရုတ်၊ ရုရှား၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့၏ မြန်မာနိုင်ငံအပေါ် ရပ်တည်ချက်ကို ရှုတ်ချကြောင်း CSO များက ထုတ်ဖော်ပြောဆိုလိုက်သည်

မြန်မာပြည်သူများအား ရက်စက်ကြမ်းကြုတ်သည့် စစ်အာဏာရှင်လက်အောက်မှ အကာအကွယ် ပေးရေး မြန်ဆန်သော အရေးယူဆောင်ရွက်မှု လုပ်ဆောင်ပေးရန် အရေးပေါ်တောင်းဆိုမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့သော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်မှု မရှိသည့်အပေါ် အထူးစိတ်ပျက်ရကြောင်း မြန်မာ အရပ်ဘက်လူထုအဖွဲ့အစည်း စုစုပေါင်း ၄၈၈ ဖွဲ့တို့က ဆိုသည်။ မိမိတို့အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ရုရှား၊ အိန္ဒိယ၊ ဗီယက်နမ် နှင့် တရုတ်နိုင်ငံတို့၏ ရပ်တည်ချက်ကို ရှုတ်ချလိုက်ပြီး အာဏာသိမ်းထားသော မြန်မာစစ်တပ်မှ ပြည်သူလူထုအပေါ် နောက်ထပ်သော ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်နေခြင်းမှ ကာကွယ်ပေးရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ တာဝန်ရှိမှုနှင့် အခန်းကဏ္ဍတို့အား မေးမိန်စေသည့် တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကိုလည်း ပြင်းထန်စွာ ရှုတ်ချသည်။

မတ်လ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဥက္ကဌဖြစ်သော အမေရိကန်နိုင်ငံက ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် အကြမ်းဖက်မှုကို ရှုတ်ချသည့် ထုတ်ပြန်ကြေညာချက်တစ်စောင်ကို မြန်မာနိုင်ငံ အခြေအနေဆိုင်ရာ လုံခြုံရေးကောင်စီ၏ တံခါးပိတ်အစည်းအဝေးအပြီးတွင် ထုတ်ပြန်ခဲ့သည်။ Reuters ၏ သတင်းအရ လုံခြုံရေးကောင်စီ၏ ထုတ်ပြန်ကြေညာချက် မူကြမ်းတွင် စစ်အုပ်စုအပေါ် ပြစ်တင်ရှုတ်ချမှုနှင့် ကောင်စီအနေဖြင့် "ဖြစ်နိုင်ခြေရှိသော ပိုမိုပြင်းထန်သည့် အရေးယူမှုများ လုပ်ဆောင်ရန်" အသင့်ရှိနေသည် ဆိုသော အသုံးအနှုန်းဝေါဟာရများ ပါရှိသည်ဟု သိရသည်။ သို့ရာတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ နှင့် ဗီယက်နမ်နိုင်ငံများ၏ သဘောတူညီမှု မရှိခြင်းကြောင့် ၎င်းထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်နိုင်ခြင်း မရှိခဲ့သည့်အပေါ် မိမိတို့မှ လွန်စွာစိတ်ပျက်ပါသည်။ ဝမ်းနည်းစွာကောင်းသည်မှာ လုံခြုံရေးကောင်စီအနေဖြင့် အဓိပ္ပါယ်ရှိသော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်နိုင်စွမ်း မရှိသည်ကို ၎င်းအဖြစ်အပျက်က ဖော်ပြနေသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အရေးယူဆောင်ရွက်မှုများ ချက်ချင်းလုပ်ဆောင်ရန် မကြာသေးမီက အရပ်ဘက်လူထုအဖွဲ့အစည်း ၄၅၂ ဖွဲ့မှပေးပို့သောစာ အပါအဝင် အရေးတကြီး တောင်းဆိုမှုများ ထပ်တလဲလဲ ရှိခဲ့ပါသည်။ ယင်းတောင်းဆိုမှုများသည် လျစ်လျူရှုခံနေရပြီး မြေပြင်အခြေအနေသည်လည်း စစ်အာဏာရှင်မှ ထိခိုက်နစ်နာစေရန်နှင့် သေစေလိုသည့် ရည်ရွယ်ချက် သက်သက်ဖြင့် လက်နက်မဲ့ပြည်သူများအား ရက်စက် လူမဆန်စွာ သေစေနိုင်လောက်သည့် အင်အားသုံး၍ နေ့ရော ညပါ တိုက်ခိုက်နေသဖြင့် စိုးရိမ်ဖွယ်အနေအထားသို့ ရောက်ရှိနေသည်။

- စစ်အာဏာသိမ်းခဲ့သည်မှာ တစ်လကျော်ကြာခဲ့ပြီး မြန်မာစစ်တပ်၏ ရက်စက်ပြီး တရားမဝင်သော စစ်အာဏာသိမ်းမှုနှင့် ဆက်စပ်၍ စစ်အုပ်စုမှ လူပေါင်း ၁၈၃ ကျော်ကို ပစ်မှတ်ထား သတ်ဖြတ်မှုများ

ကျူးလွန်ခဲ့သည့်တစ်ချိန်တည်းတွင် လူပေါင်း ၂,၀၀၀ ကျော်မှာ တရားစွဲခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ထောင်ဒဏ်ချမှတ်ခြင်းများ ခံနေကြရသည်။ လုံခြုံရေး တပ်ဖွဲ့များသည် ပြည်သူများ၏ နေအိမ်များသို့ ဝင်ရောက်ပြီး ၎င်းတို့ ဖမ်းဆီးမည့်သူများအား မတွေ့ရှိပါက အခြားမိသားစုဝင်များကို ဓားစားခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည်။ ထို့အပြင် NLD အဖွဲ့ဝင်များအပါအဝင် ပြည်သူများသည် ညဘက်အချိန် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး နောက်တစ်နေ့တွင် ညှဉ်းပန်းနှိပ်စက်ခံထားရသည့် ဒဏ်ရာများဖြင့် သေဆုံးနေပြီးသော အလောင်းများသာ ပြန်လည်ရောက်ရှိလာသည့် အဖြစ်အပျက်များလည်း ရှိနေသည်။ အခြားဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခံထားရစဉ် နှိပ်စက်ညှဉ်းပန်းမှုများ ရှိနေကြောင်းလည်း သိရှိရသည်။ လက်ဖြောင့်တပ်သားများက အမြင့်တွင် နေရာယူခြင်းနှင့် စိုးရိမ်ဖွယ်အဆင့်ထိ ရောက်ရှိသော ဆန္ဒပြသူများ၏ ဦးခေါင်းများ ထိမှန်သေဆုံးရမှု အချိုးအစားက စစ်တပ်၏ သေစေလောက်သည့် အကြမ်းဖက်မှုများကို ရည်ရွယ်ချက်ရှိရှိနှင့် ကြိုတင်စီစဉ်လုပ်ဆောင်မှုကို ဖော်ပြနေသည်။ ၂၀၂၁ ခုနှစ် မတ်လ ၃ ရက်နေ့တွင် အရပ်ဘက်လူထုအဖွဲ့အစည်းများမှ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ ပေးပို့ခဲ့သည့်စာနောက်ပိုင်းတွင် သေဆုံးသူ အရေအတွက်မှာ ရက်သတ္တတစ်ပတ်အတွင်း နှစ်ဆတိုးလာခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များ၏ ပစ်မှတ်ထား သတ်ဖြတ်ခံရသူ အများအပြားမှာ အသက် ၁၄ နှစ်အရွယ်အပါအဝင် ငယ်ရွယ်သူများဖြစ်ကြကာ လက်ဖြောင့်တပ်သားများမှ ဦးခေါင်းကို ရည်ရွယ်ချက် ရှိရှိ ချိန်ရွယ် ပစ်ခတ်ခြင်း ခံခဲ့ကြရသည်။ သတ်ဖြတ်ခံရသူများထဲမှ တစ်ဦးမှာ တရုတ်အမည် Deng Jia Xi (တိန့်ကျားရှီ) ခေါ် အသက် ၁၉ နှစ်အရွယ် အမျိုးသမီးငယ်လေး ကြယ်စင် (ခ) အိန်ဂျယ်ဖြစ်ပြီး မန္တလေးတွင် ဆန္ဒပြသူများ၏ ရှေ့ပိုင်းတွင်ရှိနေစဉ် ဦးခေါင်းကို ပစ်ခတ်ခံခဲ့ရသည်။ ထို့ထက်ပိုမိုဆိုးရွားသည်မှာ သူမ၏အလောင်းကို ပြန်ဖော်ပြီး ခန္ဓာကိုယ်မှ ကျည်ဆံကို ဖယ်ရှားပစ်ခဲ့ခြင်းပင် ဖြစ်သည်။

- လုံခြုံရေးတပ်ဖွဲ့များသည် လမ်းမများပေါ်ထက် သွေးများကို ဆေးကြောပစ်ခြင်းများနှင့်အတူ CCTV များကို ဖျက်ဆီးခြင်းနှင့် မိုဘိုင်းဖုန်းများကို သိမ်းယူခြင်း အပါအဝင် လမ်းမများပေါ် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု သက်သေအထောက်အထားများ ဖျောက်ဖျက်ခြင်းကို လုပ်ဆောင် နေသည်။
- ရဲများသည် ၎င်းတို့ ဖမ်းဆီးရမိသော ဆေးမှူးများကို ရိုင်ဖယ်သေနတ်ဒင်များဖြင့် အညှာအတာ ကင်းမဲ့စွာ ကြိမ်ဖန်များစွာ ရိုက်နှက်ခဲ့သည်။ အရေးပေါ် လူနာတင်ယာဉ်သည်လည်း အရမ်းကာရော ပစ်ခတ်ခံရခြင်း၊ ရိုက်ခွဲဖျက်ဆီး ခံရခြင်းနှင့် သိမ်းယူခံရခြင်းများ ရှိနေသည်။ မြန်မာစစ်တပ်သည် မြန်မာနိုင်ငံအတွင်း မတူကွဲပြားသော ဒေသများရှိ ပြည်သူပိုင် ဆေးရုံများနှင့် တက္ကသိုလ်များကို ဝင်ရောက်ကျူးကျော် သိမ်းပိုက်ကာ တပ်စွဲထားသည်။
- စစ်တပ်သည် သတင်းသမားများအပေါ် ဖမ်းဆီးခြင်းနှင့် ဖြိုခွဲခြင်းတို့ကိုလည်း လုပ်ဆောင် နေသည်။ ယနေ့အထိတွင် သတင်းသမား ၃၈ ဦး ဖမ်းဆီးထိန်းသိမ်း ခံနေရသည်။ စစ်အာဏာရှင်သည် လွတ်လပ်သော မီဒီယာ ၅ ခုဖြစ်သည့် Myanmar Now၊ DVB၊ မဇ္ဈိမ၊ ခေတ်သစ်နှင့် 7 Day မီဒီယာများ၏ ထုတ်လွှင့်ခွင့် လိုင်စင်များကို ရုတ်သိမ်းလိုက်ကြောင်း ကြေညာခဲ့သည်။ တစ်ချိန်တည်းမှာပင် Myanmar Now၊ Kamayut Media နှင့် မဇ္ဈိမ မီဒီယာများ၏ ရုံးခန်းများကို ဝင်ရောက်စီးနင်းခဲ့သည်။
- လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်နေကြသော ပြည်သူ့ကဏ္ဍလုပ်သားများနှင့် အစိုးရဝန်ထမ်းများနှင့်အတူ လူငယ်တက်ကြွလှုပ်ရှားသူများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ ၂၀၂၀

ရွေးကောက်ပွဲ ရွေးကောက်ခံအမတ်များနှင့် CRPH အဖွဲ့ဝင်များ အပါအဝင် နိုင်ငံရေးပါတီများမှ လူပုဂ္ဂိုလ် အများအပြားမှာ ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်း သို့မဟုတ် ဖမ်းဝရမ်း ထုတ်ခံရခြင်းများ ရှိနေသည်။ ထိုသူများထဲမှာ အများအပြားသည် စစ်အာဏာသိမ်းပြီးနောက် စစ်အာဏာရှင် ဆန့်ကျင်သူများ သို့မဟုတ် "ကာကွယ်ရေးလုပ်ငန်းများကို ဟန့်တားနှောင့်ယှက်" သူများကို စစ်အုပ်စုအလိုကျ ဖမ်းဆီး တရားစွဲဆိုနိုင်ရန် ပြင်ဆင်ထားသည့် နာမည်ဆိုးဖြင့် ကျော်ကြားသော ရာဇသတ်ကြီးဥပဒေပါ ပုဒ်မများဖြင့် တရားစွဲဆိုခြင်း ခံထားရသည်။

သို့ရာတွင် မြန်မာပြည်သူများအပေါ် ထိုသို့သော အကြမ်းဖက်မှုများ ရှိနေသည့်တိုင် တရုတ်နိုင်ငံသည် ကြားဝင်မစွက်ဖက်ရေးဆိုင်ရာ ၎င်း၏ ရပ်တည်ချက်ကို ထုတ်ဖော်ပြောဆိုခဲ့ကာ အသက်အန္တရာယ်နှင့် ပိုမိုရင်ဆိုင်နေရသည့် အခြေအနေကို ပြည်တွင်းရေးဟု ဖော်ပြပြီး နိုင်ငံရေးနှင့် အချုပ်အခြာအာဏာကို အသာပေးထားသည့်တစ်ချိန်တည်းတွင် အာဆီယံ၏ အခန်းကဏ္ဍသို့ အာရုံစိုက်မှုများ ပြောင်းသွားစေရန်လည်း လုပ်ဆောင်နေသည်။ တစ်ချိန်တည်းမှာပင် တရုတ်အစိုးရ၏ ပြည်ပလုံခြုံရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် နှင့် မြန်မာစစ်အုပ်စုတို့အကြား အစည်းအဝေးမှ ပေါက်ကြားသော စာရွက်စာတမ်းအရ တရုတ်နိုင်ငံသည် ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် တရားမဝင် မြန်မာစစ်အုပ်စုနှင့် အရေးပေါ် အစည်းအဝေး ပြုလုပ်ခဲ့ပြီး ရခိုင်ပြည်နယ် ကျောက်ဖြူမှ တရုတ်နိုင်ငံသို့ သွယ်တန်းထားသည့် ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်း နှစ်သွယ်၏ လုံခြုံရေးကို အာမခံချက်ပေးရန်နှင့် အာဏာသိမ်းပြီးနောက်ပိုင်း ပိုမိုကောင်းမွန်သော လုံခြုံရေးဆိုင်ရာ အရေးယူ ဆောင်ရွက်မှုများ လုပ်ဆောင်ပေးရန် စစ်အုပ်စုကို တောင်းဆိုခဲ့သည်။

ယင်းသည် တရုတ်နိုင်ငံက အသိအမှတ်ပြု အကာအကွယ်ပေးနေသည့် မတရား အာဏာသိမ်း ထားသော အလွန်အမင်း ရက်စက်သည့် စစ်အုပ်စုမှ နုတ်ယူခဲ့သော အသက်များကိုသာမက လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ လိုက်နာရန် နှင့် နောက်ထပ်ကျူးလွန်မှုများ မဖြစ်ပေါ်စေရေး ကာကွယ်ရန် ထောက်ခံသော နိုင်ငံတကာ အသိုင်းအဝိုင်းကိုလည်း စော်ကားခြင်းပင် ဖြစ်သည်။ မြန်မာစစ်အုပ်စု ကဲ့သို့သော ရာဇဝတ်အုပ်စုကို ကာကွယ်ပေးခြင်းနှင့် လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်အဖြစ် လိုက်နာရမည့် ၎င်း၏တာဝန်ဝတ္တရားများ ပျက်ကွက်နေသော တရုတ်နိုင်ငံ၏ လုပ်ရပ်များအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက ပြစ်တင်ရှုတ်ချရမည်။

မြေပြင်တွင် ဖြစ်ပေါ်နေသော အခြေအနေများသည် ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် ရည်ရွယ်ချက်ရှိရှိနှင့် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် သေစေလိုသော ဖြိုခွဲမှုကို ညွှန်းပြနေပြီး ၎င်းဆန္ဒပြသူ အများစုမှာ မြန်မာနိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်ဖြစ်လာမည့် မျိုးဆက်သစ်လူငယ်များ ဖြစ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းမှ အရေးယူဆောင်ရွက်မှု မရှိခြင်းနှင့် တရုတ်၊ ရုရှား၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့မှ မြန်မာစစ်အုပ်စုအား အကာအကွယ်ပေးနေမှုကို ခွင့်ပြုနေခြင်းသည် လူသား မျိုးနွယ်အား ဆန့်ကျင်သည့် ရာဇဝတ်မှုများမြောက်သည့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို မြန်မာစစ်အုပ်စုမှ အလုံးစုံသော အပြစ်ပေးအရေးယူခံရခြင်း မရှိဘဲ ဆက်လက်ကျူးလွန်နေနိုင်စေရုံ သာမက တရားဥပဒေစိုးမိုးရေးကိုပါ လျစ်လျူရှုစေသည်။ စစ်အုပ်စု၏ လုံခြုံရေး တပ်ဖွဲ့များမှ မြန်မာပြည်သူများအပေါ် စနစ်တကျနှင့် တိုးမြင့်လုပ်ဆောင်လာနေသော တိုက်ခိုက်မှုများသည် မြန်မာပြည်သူများအား ကာကွယ်ပေးရေး သေချာစေရန်၊ နောက်ထပ်သော ပြစ်မှုချိုးဖောက်ကျူးလွန်မှုများ ကာကွယ်ရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပံ့ပိုးရန် တို့အတွက် လုံခြုံရေးကောင်စီ၏ ချက်ချင်းအရေးယူဆောင်ရွက်မှု လိုအပ်နေခြင်းကို တောင်းဆိုနေသည်။

မိမိတို့သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို အောက်ပါအတိုင်း တောင်းဆိုလိုက်သည်။

- **ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများအပေါ် အာဏာသိမ်းစစ်အုပ်စုမှ အကြမ်းဖက်နေမှုများ ရပ်တန့်စေရေး၊ သွေးထွက်သံယိုမှုများနှင့် အသက်ဆုံးရှုံးမှုများ ယခုထက်ပို၍ မဖြစ်ပွားစေရေးနှင့် မတရားဖမ်းဆီး ခံထားရသူများအားလုံး ပြန်လွတ်စေရေးတို့အတွက် ကြားဝင်ဆောင်ရွက်မှု လုပ်ဆောင်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ကြားဝင်ဆောင်ရွက်ရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို မြန်မာနိုင်ငံသို့ ချက်ချင်းစေလွှတ်ပေးရန်၊**
- **ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအား လက်နက်ခဲယမ်းရောင်းချခြင်းကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရပ်တန့်စေရေး လုပ်ဆောင်ပေးရန်၊ နှင့်**
- **စစ်အာဏာရှင်မှ ကျူးလွန်ထားသော၊ ဆက်လက်ကျူးလွန်နေသော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှု ရှိစေရန် မြန်မာနိုင်ငံအား နိုင်ငံတကာ ရာဇဝတ် တရားရုံးသို့ လွှဲပြောင်းရန်။**

မြန်မာနိုင်ငံပြည်သူများကို ကာကွယ်ရန်အတွက် လုံခြုံရေးကောင်စီက ၎င်း၏ လုပ်ပိုင်ခွင့် တာဝန်ကို ပျက်ကွက်ပါက ကုလသမဂ္ဂ အထွေထွေညီလာခံအနေဖြင့် ကုလသမဂ္ဂ ကြေညာစာတမ်းပါ ၎င်း၏ အာဏာကို ကျင့်သုံးရန် မိမိတို့မှ တောင်းဆိုလိုက်သည်။

## ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်


- ကျော်ဝင်း၊ Burma Human Rights Network (BHRN), kyawwin@bhrn.org.uk, UK: +44(0) 740 345 2378
- မိုင်းရာဒါးဂေးဖော၊ U.S. Campaign for Burma, myradah@uscampaignforburma.org, US: +1 718-207-2556
- ဝေဝေနု၊ Women Peace Network, waiwainu@womenspeacenetwork.org, US: +1 (510) 345-8309